[illegible]
Karenni Civil Society Network

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


**နိုဝင်ဘာလ ၇ရက်၊ ၂၀၂၃ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ အောက်တိုဘာလ ၂၃ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့ထိ၊၂၀၂၃ ခုနှစ် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – အောက်တိုဘာလ ၂၂ ရက်၊ ၂၀၂၃ | အောက်တိုဘာလ ၂၃ရက်မှ နိုဝင်ဘာလ ၅ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၁၆ | | ၄၁၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၆၅ | ၇ | ၄၇၂ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | ၅ | ၁၇၂ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၀ | ၁ | ၆၂၁ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ စက်တင်ဘာလ ၂၂ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် စက်တင်ဘာလ ၂၃ ရက် – အောက်တိုဘာလ ၅ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၄၂၆၁၅** | | **၂၄၂၆၁၅** |


စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ အောက်တိုဘာလ(၂၃)ရက်နေ့မှ နိုဝင်ဘာလ(၅)ရက်နေ့ထိ၊ ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီမောဆို
ရှားတော
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
#၁
#၂
ဘီပီ - ၉
ဘီပီ - ၁၀
ဘီပီ - ၁၁
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),( ၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

## လွိုင်ကော်၊ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တွင် စကစ၏ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် ကလေး ၄ ဦးအပါအဝင် အရပ်သား ၇ ဦး ထိခိုက်ဒဏ်ရာရရှိ

လွန်ခဲ့သော နှစ်ပတ်အတွင်း ကရင်နီပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားမှုနည်းပါးသော်လည်း စစ်ကောင်စီတပ်များသည် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်အတွင်း အရပ်သားများရှိရာသို့ လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်နေမှုများကြောင့် ကလေးငယ် ၄ ဦးအပါအဝင် အရပ်သား ၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ ၂၅ရက်၊ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ဒီးမော့ဆိုမြို့နယ်၊ လွိုင်နန်းဖကျေးရွာထဲသို့ လက်နက်ကြီး ၃ လုံး ကျရောက်ပြီး အမျိုးသမီးဘော်ဒါဆောင် ထိခိုက်ပျက်စီးခဲ့သည့်အပြင် စပါးခင်းများလည်း ထိခိုက်ပျက်စီးခဲ့သည်။ ရှမ်း-ကရင်နီနယ်စပ် မိုးဗြဲမြို့ပေါ်မှာ စစ်ကောင်စီတပ်စွဲထားသည့် နေရာအနီးတစ်ဝိုက်ကို (၁၀၀၁) မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်၊ KNDF၊ KA ပူးပေါင်းတပ်တို့မှ မိုင်းရှင်းလင်းရေး ဆောင်ရွက်ခဲ့ပြီး မိုင်းအလုံး ၃၀ အား ရှင်းလင်းခဲ့ကြောင်း မိုးဗြဲ PDF မှ ထုတ်ပြန်သည်။

အောက်တိုဘာလ ၂၉ ရက်၊ လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးအခြေစိုက် ခမရ (၅၃၀)တပ်မှ လွိုင်ကော်မြို့ အရှေ့ဘက်ခြမ်းသို့ နံနက် ၁၀နာရီကျော်အချိန်တွင် လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခြင်းကြောင့် အသက်(၁၅)နှစ်အောက် ကလေးငယ် ၃ ဦး (ယောကျ်ားလေး နှစ်ဦး မိန်းခလေး တစ်ဦး) ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ထို့အပြင် ည ၈ နာရီအချိန်တွင် လက်နက်ကြီးများ ထပ်မံပစ်ခတ်ခဲ့ရာ ကုန်းမီကိုကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသားတစ်ဦးနှင့် ၁၆နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး ထပ်မံ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ၎င်းကဲ့သို့ တစ်ရက်တည်းတွင် လက်နက်ကြီး အလုံးရေ (၃၀)ကျော်ပစ်ခတ်ခြင်းကြောင့် ပြည်သူ (၅)ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၄)လုံး ပျက်စီးခဲ့ပါသည်။






စကစ လက်နက်ကြီးကြောင့် ကလေးငယ် ထိခိုက်ဒဏ်ရာရရှိ၊ လွိုင်ကော်မြို့နယ် စကစ လက်နက်ကြီးကြောင့် နေအိမ်ပျက်စီး၊ လွိုင်ကော်မြို့နယ်

အောက်တိုဘာလ ၃၁ ရက်၊ ဖရူဆိုမြို့နယ်၊ ဒေါ်ညေးခူကျေးရွာခံ အမျိုးသမီးနှစ်ဦးမှ ရွာသို့ ပစ္စည်းများ ပြန်လာယူချိန်တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ဝမ်းဗိုက်၊ ခြေထောက်နှင့် လက်တို့တွင် ထိမှန်ဒဏ်ရာရရှိခဲ့သည်။ တိုနေ့နံနက်ပိုင်း ဖရူဆိုမြို့တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး ပူးပေါင်းတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

နိုဝင်ဘာလ ၃ ရက်၊ ညီနောင်မဟာမိတ် ၃ ဖွဲ့ဖြစ်သည့် မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ ပလောင် (တအာင်း) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)နဲ့ ရက္ခိုင့်တပ်တော်(AA) တို့၏“ ၁၀၂၇ စစ်ဆင်ရေး “ စခန်းသိမ်းတိုက်ပွဲများတွင် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်(KNDF) တပ်ရင်း အမှတ် (ဖ၀ဖ) လည်း ပူးပေါင်း ပါဝင်တိုက်ခိုက်လျက် ရှိနေကြောင်း KNDF မှ ထုတ်ပြန်သည်။

နိုဝင်ဘာလ ၄ရက်၊ တော်လှန်ရေးတပ်ဖွဲ့များဖြစ်သည့် KA, KNDF, DMO–PDF, KNPLF နှင့် အလယ်ပိုင်းတိုင်း ပြည်သူ့ကာကွယ်ရေးတပ်မတော် တို့မှ စုပေါင်းပြီး ဒီးမော့ဆိုမြို့နယ်နှင့် မြို့နယ်အတွင်းရှိကျေးရွာများသည် မြေမြှုပ်မိုင်းများရှိနေခြင်း၊ စစ်မြေပြင်နေရာ ဖြစ်နေခြင်း၊ စစ်ကောင်စီတပ်မှ အချိန်မရွေးလက်နက်ကြီးများဖြင့် ပစ်ခတ်နိုင်ခြင်း တို့ကြောင့် ပြည်သူလူထုများအနေဖြင့် နေရပ်တွင် ပြန်မနေသေးရန် ထုတ်ပြန်ချက်တစ်စောင်အား ပူးပေါင်းထုတ်ပြန် ခဲ့ပါသည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com